# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ်၊ ၂၅ /၂၀၂၃

၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်

(၂၀၂၃ ခုနှစ်၊ မတ်လ ၂၉ ရက်)

## MACCS Online Payment System အား အသုံးပြုရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၄ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

### အခန်း (၁)
### အမည်၊ အကျိုးသက်ရောက်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းများကို "MACCS Online Payment System အား အသုံးပြုရာတွင် လိုက်နာဆောင်ရွက်ရမည့်လုပ်ထုံးလုပ်နည်းများ" ဟုခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းတွင် ပါရှိသော စကားရပ်များသည် ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါစကားရပ် များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဦးစီးဌာန** ဆိုသည်မှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနကို ဆိုသည်။

(ခ) **MACCS Online Payment System** ဆိုသည်မှာ ဦးစီးဌာန၏ ကုန်ပစ္စည်း အလိုအလျောက်ရှင်းလင်းရေးနှင့် ထိန်းချုပ်ရေးစနစ် (Myanmar Automated Cargo Clearance System - MACCS) အား ပုဂ္ဂလိကဘဏ်များ၏ Mobile banking ၊ Internet banking စနစ်များဖြင့် ချိတ်ဆက်၍ ကုန်ပစ္စည်း တင်သွင်းသူ သို့မဟုတ် တင်ပို့သူများနှင့် အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူများမှ ကျသင့်အခွန် ငွေများကို Online Payment ဖြင့် ပေးဆောင်နိုင်ရန်အတွက် ဆောင်ရွက်သည့် စနစ်ကို ဆိုသည်။

(ဂ) **ကုန်ပစ္စည်းတင်သွင်းသူ သို့မဟုတ် တင်ပို့သူများ** ဆိုသည်မှာ ကုန်ပစ္စည်းတစ်ရပ်ရပ်ကို နိုင်ငံတော်အတွင်းသို့ တင်သွင်းခြင်း သို့မဟုတ် နိုင်ငံတော်ပြင်ပသို့ တင်ပို့ခြင်း ပြုလုပ်သူကို ဆိုသည်။

(ဃ) **အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူများ** ဆိုသည်မှာ ကုန်ပစ္စည်းတစ်ရပ်ရပ်ကို တင်သွင်းခြင်း သို့မဟုတ် တင်ပို့ခြင်း၊ ခရီးသည်ဝန်စည်စလယ်များ တင်သွင်းခြင်း သို့မဟုတ် တင်ပို့ခြင်း၊ တစ်ဆင့်ဖြတ်သန်းသယ်ဆောင်ခြင်း၊ ယာဉ်များ ဝင်ရောက်ခြင်း သို့မဟုတ် ထွက်ခွာခြင်းတို့နှင့်ပတ်သက်၍ အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များအတွက် ဝန်ဆောင်မှုလုပ်ငန်းများအား ဆောင်ရွက်ခွင့်ရသော ဦးစီးဌာနက အသိအမှတ်ပြုသူကို ဆိုသည်။

(င) **Sundry Account** ဆိုသည်မှာ ဦးစီးဌာနသို့ ပေးသွင်းသည့် အခွန်အခများကို မြန်မာ့စီးပွားရေးဘဏ်ခွဲများရှိ ဦးစီးဌာန၏ ငွေထုတ်စာရင်း (Drawing Account) သို့ မလွှဲပြောင်းမီ ပုဂ္ဂလိကဘဏ်(ရုံးချုပ်)များတွင် ယာယီထိန်းသိမ်းထားရှိရန် ဦးစီးဌာန၏ အမည်ဖြင့် ဖွင့်လှစ်ထားသည့် ငွေစာရင်းကိုဆိုသည်။

(စ) **မလွန်ဆန်နိုင်သောဖြစ်ရပ် (Force Majeure)** ဆိုသည်မှာ သဘာဝအလျောက် ကြုံတွေ့ရသည့် ရေဘေး၊ လေဘေး၊ မီးဘေး၊ မြေငလျင်ဘေး၊ ကပ်ရောဂါဘေး စသည်များအပြင် နိုင်ငံတော်အစိုးရ၏ ကန့်သတ်တားမြစ်ချက်များ၊ တရားဥပဒေ စိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားမှုပျက်ပြယ်ခြင်း၊ စစ်ဖြစ်ခြင်း၊ သပိတ်မှောက်ခြင်း စသည်တို့နှင့် စာချုပ်ဝင် တစ်ဖက်ဖက်က လိုအပ်သော သတိဝီရိယနှင့် ဆောင်ရွက်စေကာမူ မလွန်ဆန် မကျော်လွှားနိုင်သည့် အလားတူဖြစ်ရပ်များဖြစ်သည်။

## အခန်း(၂)
## ရည်ရွယ်ချက်

၃။ ဤလုပ်ထုံးလုပ်နည်း၏ရည်ရွယ်ချက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဦးစီးဌာနတွင် လက်ရှိသုံးစွဲလျက်ရှိသည့် MACCS System ၏ Electronic Deposit Payment စနစ်အပြင် MACCS System နှင့် ပုဂ္ဂလိကဘဏ်များ၏ Mobile banking ၊

Internet banking စနစ်များဖြင့် ချိတ်ဆက်ပြီး ပိုမိုကောင်းမွန် ပြည့်စုံသော Online Payment စနစ်တစ်ခုပေါ်ထွန်းလာစေရန်၊

(ခ) WTO-TFA (World Trade Organization - Trade Facilitation Agreement) နှင့် ASW (ASEAN Single Window) သဘောတူညီချက်များနှင့်ကိုက်ညီမှုရှိပြီး ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကို ပိုမိုအထောက်အကူဖြစ်စေနိုင်ရန်၊

(ဂ) ကုန်ပစ္စည်းတင်သွင်းသူ သို့မဟုတ် တင်ပို့သူများနှင့် အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူများမှ ကျသင့်အခွန်အခများပေးဆောင်ရာတွင် အချိန်နှင့် ငွေကြေး ကုန်ကျမှုသက်သာစေပြီး Online Payment ဖြင့် လွယ်ကူလျင်မြန်စွာ ပေးဆောင်နိုင်စေရန်။

## အခန်း(၃)

## MACCS Online Payment System ကိုအသုံးပြု၍ အခွန်ပေးဆောင်နိုင်ရန် ဆောင်ရွက်မည့်အစီအစဉ်

၄။ MACCS Online Payment System ကိုအသုံးပြု၍ အခွန်ပေးဆောင်နိုင်ရန် ဆောင်ရွက်မည့် အစီအစဉ်မှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) MACCS Online Payment System တွင် လာရောက်ချိတ်ဆက်မည့် ပုဂ္ဂလိကဘဏ် (ရုံးချုပ်)များတွင် "အကောက်ခွန်ဦးစီးဌာနအမည်" ဖြင့် Sundry Account များကို ဖွင့်လှစ်ထားမည်ဖြစ်ပါသည်။

(ခ) သက်ဆိုင်ရာပုဂ္ဂလိကဘဏ်များတွင် အကောင့်ဖွင့်ထားသော ကုန်ပစ္စည်းတင်သွင်းသူ သို့မဟုတ် တင်ပို့သူများနှင့် အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူများ အနေဖြင့် MACCS Online Payment System မှတစ်ဆင့် အခွန်အခများ ပေးဆောင်ပါက အဆိုပါ Sundry Account သို့ ဦးစွာ ရောက်ရှိမည်ဖြစ်ပါသည်။

(ဂ) MACCS Online Payment System ဖြင့် တစ်နေ့တာကောက်ခံရရှိထားသည့် အခွန် အခများအား ၂၃:၅၉:၅၉ အချိန်၌ စာရင်းပိတ်၍ နောက်တစ်နေ့တွင် သက်ဆိုင်ရာ ပုဂ္ဂလိကဘဏ်တစ်ခုချင်းစီက တာဝန်ယူကာ CBM-Net မှတစ်ဆင့် မြန်မာ့စီးပွားရေး ဘဏ်(ရုံးချုပ်)သို့ (၁၀:၀၀)နာရီ မတိုင်မီ လွှဲပြောင်းပေးသွင်းရမည် ဖြစ်ပါသည်။

(ဃ) အခြားမမျှော်မှန်းနိုင်သော အကြောင်းခြင်းရာများကြောင့်ဖြစ်စေ၊ မလွန်ဆန်နိုင်သော ဖြစ်ရပ် (Force Majeure) များကြောင့်ဖြစ်စေ၊ သတ်မှတ်ထားသည့် အချိန် (၁၀:၀၀) နာရီမတိုင်မီ CBM-Net ဖြင့် လွှဲပြောင်းပေးနိုင်ခဲ့ခြင်းမရှိပါက အချိန်ရွှေ့ပြီး (၁၄:၀၀) နာရီ နောက်ဆုံးထား၍ လွှဲပြောင်းပေးရမည်။ အကယ်၍ လွှဲပြောင်းပေးနိုင်ခြင်းမရှိပါက သမားရိုးကျ (Manual)နည်းဖြင့် သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲများသို့ Payment Order (PO)ဖြင့် နေ့ချင်းပြီး လွှဲပြောင်းပေးရမည် ဖြစ်ပါသည်။

(င) သက်ဆိုင်ရာပုဂ္ဂလိကဘဏ်များမှ လွှဲပြောင်းပေးသည့် ဦးစီးဌာနအတွက် ကောက်ခံရရှိထားသော အခွန်အခများကို မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်) မှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်ခွဲရှိ ဦးစီးဌာန၏ ငွေထုတ်စာရင်း (Drawing Account) သို့ ပြန်လည် လွှဲပြောင်းပေးသွင်းရမည် ဖြစ်ပါသည်။

## အခန်း(၄)

## ပုဂ္ဂလိကဘဏ်များမှ လိုက်နာဆောင်ရွက်ရန်လုပ်ငန်းစဉ်

၅။ အောက်ဖော်ပြပါအတိုင်း လိုက်နာဆောင်ရွက်ရပါမည်-

(က) ကုန်ပစ္စည်း တင်သွင်းသူ သို့မဟုတ် တင်ပို့သူများနှင့် အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူများမှ MACCS Online Payment System ကို အသုံးပြု၍ ပေးဆောင်လိုက်သည့် အခွန်အခများကို ယာယီလက်ခံထားနိုင်ရန်အတွက် **"အကောက်ခွန် ဦးစီးဌာနအမည်"**အကောက်ခွန် ဦးစီးဌာနအမည်" ဖြင့် Sundry Account များကို ပုဂ္ဂလိကဘဏ် (ရုံးချုပ်) တစ်ခုချင်း အလိုက် ဖွင့်လှစ်၍ လက်ခံဆောင်ရွက်ပေးရမည်။

(ခ) Sundry Account ရှိ ယာယီလက်ခံထားသော တစ်နေ့တာရငွေအား နေ့စဉ် ည ၁၁ နာရီ ၅၉ မိနစ် ၅၉ စက္ကန့် (၂၃:၅၉:၅၉)အချိန်ထိ စာရင်းချုပ်ရမည်။ အဆိုပါ စာရင်းချုပ်ပြီး အခွန်အခများကို ကောက်ခံရရှိပြီးသည့်နေ့၏ နောက်တစ်ရက် သို့မဟုတ် အဆိုပါရက်သည် ဘဏ်ပိတ်ရက်ဖြစ်ပါက အနီးဆုံးဘဏ်ဖွင့်ရက်တွင် (၁၀:၀၀)နာရီ မတိုင်မီ CBM-Net ကို အသုံးပြု၍လည်းကောင်း သို့မဟုတ် မြန်မာ့စီးပွားရေးဘဏ်က တရားဝင် ပြောင်းလဲသတ်မှတ်ပေးသော အခြားနည်းလမ်း တစ်ရပ်ရပ်ကို အသုံးပြု၍ လည်းကောင်း၊ မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်) မှတစ်ဆင့် အကောက်ခွန်ရုံး (Customs Station)အလိုက် သက်ဆိုင်သည့် မြန်မာ့စီးပွားရေးဘဏ်ခွဲများရှိ ဦးစီးဌာန၏ ငွေထုတ်စာရင်း (Drawing Account) သို့ ပေးသွင်းရမည်။

Station)အလိုက် သက်ဆိုင်သည့် မြန်မာ့စီးပွားရေးဘဏ်ခွဲများရှိ ဦးစီးဌာန၏ ငွေထုတ်စာရင်း (Drawing Account) သို့ ပေးသွင်းရမည်။

(ဂ) ထို Sundry Account မှ မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်)သို့ အခွန်အခများ တရားဝင် မဝင်ရောက်မီ အချိန်ကာလအတွင်း အကြောင်းအမျိုးမျိုးကြောင့် မှားယွင်းမှုနှင့်ကွဲလွဲမှုများကြောင့် နိုင်ငံတော်ဘဏ္ဍာငွေ နစ်နာဆုံးရှုံးမှုတိုင်းအတွက် သက်ဆိုင်ရာပုဂ္ဂလိကဘဏ်များမှ အပြည့်အဝတာဝန်ယူ ဖြေရှင်းဆောင်ရွက်ပေးရမည်။

(ဃ) ဦးစီးဌာနအတွက် ဖွင့်လှစ်ထားသော အထက်ပါ Sundry Account များ အပါအဝင် MACCS Online Payment System ၏ လုံခြုံမှု (Security)နှင့် သတင်းအချက်အလက် ပိုင်းဆိုင်ရာ လုံခြုံမှုများချိုးဖောက်ခံရမှုမရှိစေရန်၊ ကုန်ပစ္စည်း တင်သွင်းသူ သို့မဟုတ် တင်ပို့သူများနှင့် အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူများ၏ အခွန်အခ ပေးဆောင်ခြင်းဆိုင်ရာ အချက်အလက်များအား မသက်ဆိုင်သူများက ဝင်ရောက် ကြည့်ရှုခြင်း၊ ခိုးယူသုံးစွဲခြင်းမဖြစ်ပေါ်စေရန် ပုဂ္ဂလိကဘဏ်များမှ အထူးဂရုပြု တာဝန်ယူဆောင်ရွက်ပေးရမည်။

(င) MACCS Online Payment System ကို ၂၄ နာရီ (၇)ရက်ပတ်လုံး သုံးစွဲနိုင်ရေး ဆောင်ရွက်ပေးရန်၊ စနစ်နှင့်ပတ်သက်၍ Software / Hardware ပိုင်းဆိုင်ရာ အခက်အခဲများ၊ မလွန်ဆန်နိုင်သော (Force Majeure)ဖြစ်ရပ်များမှအပ Internet Line ဆိုင်ရာ အခက်အခဲများဖြစ်ပေါ်ပါက အခွန်အခများ ပေးဆောင်ရာတွင် ကြန့်ကြာမှုများကို အခြားနည်းလမ်းဖြင့် အချိန်မီ ဖြေရှင်းကျော်လွှားဆောင်ရွက်နိုင်ရေးအတွက် ဦးစီးဌာနနှင့် သုံးစွဲသူများထံသို့ အချိန်နှင့်တစ်ပြေးညီ အကြောင်းကြားခြင်း၊ သတင်း ထုတ်ပြန်ပေးခြင်းတို့ကို ပြုလုပ်ပေးရမည်။ ဦးစီးဌာနဘက်မှလည်း အလားတူ အခက်အခဲများ ဖြစ်ပေါ်လာပါက ပုဂ္ဂလိကဘဏ်များဘက်သို့ အချိန်နှင့် တစ်ပြေးညီ အကြောင်းကြား ဆောင်ရွက်သွားရမည်။

(စ) ဦးစီးဌာန၏ MACCS System နှင့်ပတ်သက်၍ လက်ခံထိန်းသိမ်းထားသော အခွန် ငွေပေးချေခြင်းဆိုင်ရာ သတင်းအချက်အလက်များအားလုံးကို MACCS Online Payment System တွင် MACCS စနစ်ကဲ့သို့ ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေ ပုဒ်မ ၁၉၄-က (၁)နှင့်အညီ (၇)နှစ်အထိ ထိန်းသိမ်းထားနိုင်ရေး ဆောင်ရွက်ပေးရမည်

ဖြစ်ပြီး ဦးစီးဌာနမှ သတင်းအချက်အလက်များ လိုအပ်၍ တောင်းဆိုလာပါက အဆိုပါ သတင်းအချက်အလက်များအား အချိန်မီ ပြုစုပေးရမည်။

(ဆ) MACCS Online Payment System နှင့် ပတ်သက်၍ System Monitoring နှင့် Software / Hardware / Network Maintenance ပြုလုပ်ခြင်း ၊ Software Upgrade ပြုလုပ်ခြင်း၊ Hardware Change ပြုလုပ်ခြင်း အစရှိသည့်ကိစ္စရပ်များ၊ အသစ်ထပ်မံ ပြုပြင်ပြောင်းလဲရမည့် ကိစ္စရပ်များနှင့် အရေးပေါ်အခြေအနေတွင် ဖြေရှင်းဆောင်ရွက် ခြင်းတို့အတွက် လုံလောက်သောအရည်အသွေးရှိသည့် System Vendor ကို ငှားရမ်း တာဝန်ပေးအပ်ရန်နှင့် ကုန်ကျမည့်ကုန်ကျစရိတ်များအား ပုဂ္ဂလိကဘဏ်များမှ အလုံးစုံ တာဝန်ယူဆောင်ရွက်သွားရမည်။ ဆောင်ရွက်မှုအရပ်ရပ်ကို ဦးစီးဌာနသို့ ကြိုတင် အကြောင်းကြားညှိနှိုင်း၍ ဦးစီးဌာန၏သဘောတူညီချက်ဖြင့် ဆောင်ရွက် ရမည်။

(ဇ) MACCS Online Payment System ဖြင့် ချိတ်ဆက်ဆောင်ရွက်နေသော MACCS System ရှိ အောက်ဖော်ပြပါ Service များ၏ အချက်အလက်များအား အခြား မသက်ဆိုင်သူများထံ ပေါက်ကြားမှုမရှိစေရေးအတွက် စည်းမျဉ်းစည်းကမ်းများနှင့် အညီ လုံခြုံမှုအား အလေးထားဆောင်ရွက်ပေးရမည်-

(၁) BAA (Registration of Deposit) Deposit Account ဖွင့်လှစ်ခြင်း၊ အခွန်ငွေ ထပ်မံ ဖြည့်သွင်းခြင်း၊ အကောင့်ဖျက်သိမ်းခြင်းလုပ်ငန်းစဉ်၊

(၂) IBA (Reference of Deposit) Deposit Account နှင့် ပတ်သက်သည့် အချက် အလက်များ ကြည့်ရှုသည့်လုပ်ငန်းစဉ်၊

(၃) IKO (Reference of Payment Status) ကြေညာလွှာတစ်စောင်တွင် အခွန်ငွေ မည်မျှပေးဆောင်ထားသည်ကို ကြည့်ရှုနိုင်သည့်လုပ်ငန်းစဉ်၊

(၄) RCC (Registration of Tax Payment Receipt Confirmation) အခွန်ငွေ ကောက်ခံစာရင်းသွင်းခြင်း လုပ်ငန်းစဉ်၊

(၅) UCB (Registration of Customs Broker) သွင်းကုန်ထုတ်ကုန်လုပ်ငန်းရှင် များမှ ယင်းတို့၏ Deposit Account နှင့် License များကို အကောက်ခွန် ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူများအား အသုံးပြုခွင့်ပေးခြင်း လုပ်ငန်းစဉ်၊

(၆) UCB 11 (Registration of Customs Broker (Call Up)) သွင်းကုန်ထုတ်ကုန် လုပ်ငန်းရှင်များမှ ယင်းတို့၏ Deposit Account နှင့် License များကို အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူများအား အသုံးပြုခွင့်ပေးရန် ခေါ်ယူသည့် လုပ်ငန်းစဉ်၊

(ဈ) ပုဂ္ဂလိကဘဏ်များအနေဖြင့် MACCS Online Payment System အား အသုံးပြုထားသည့် Transaction များအတွက် လစဉ်ဘဏ်ရှင်းတမ်း (Bank Statement) အပြင် Daily Transaction Report (Detail List) များအား Daily, Weekly, Monthly, Yearly Detail Transaction List ပုံမှန်ပြုစု၍ ဦးစီးဌာနသို့ ပေးပို့ရမည်။ ထို့အပြင် နေ့စဉ် လက်ခံရရှိမှု၊ လွှဲပြောင်းပြီးစီးမှု၊ လက်ကျန်အခြေအနေများကို ဦးစီးဌာန၏ ဘဏ္ဍာရေး နှင့်လုပ်ငန်းစစ်ဆေးရေးဌာနခွဲ (ငွေစာရင်း)နှင့် လိုအပ်သည်များ နေ့စဉ် စိစစ်ရမည်။

## အခန်း(၅)
## မြန်မာ့စီးပွားရေးဘဏ်မှ ဆောင်ရွက်ရန်လုပ်ငန်းစဉ်

၆။ အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ပေးရမည်-

(က) ပုဂ္ဂလိကဘဏ်များမှ CBM-Net အသုံးပြု၍ လွှဲပြောင်းလာသည့် အခွန်အခများအား ဦးစီးဌာန၏ သက်ဆိုင်ရာငွေထုတ်စာရင်း (Drawing Account) သို့ မြန်မာ့စီးပွားရေးဘဏ်မှ အောက်ဖော်ပြပါအတိုင်း ဆက်လက်လွှဲပြောင်း ဆောင်ရွက်ပေးရမည် -

(၁) ရန်ကုန်၊ မန္တလေး၊ နေပြည်တော်ရှိ ဦးစီးဌာန၏ သက်ဆိုင်ရာ ငွေထုတ်စာရင်း (Drawing Account) များအတွက် T+2 အတွင်း လွှဲပြောင်းပေးရမည်။

(၂) အခြားပြည်နယ် / တိုင်းဒေသကြီးများရှိ ဦးစီးဌာန၏ ငွေထုတ်စာရင်း (Drawing Account) သို့ လွှဲပြောင်းပေးရာတွင် T+2 အတွင်း လွှဲပြောင်းပေးရမည်။

(ခ) ပုဂ္ဂလိကဘဏ်များမှ ဦးစီးဌာန၏ အခွန်အခများအား မြန်မာ့စီးပွားရေးဘဏ်သို့ ငွေလွှဲပို့သည့်အခါ သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲရှိ ဦးစီးဌာန၏ ငွေထုတ်စာရင်း (Drawing Account) သို့ ငွေရောက်ရှိပေးသွင်းပြီးကြောင်းအား သက်ဆိုင်ရာ မြန်မာ့

စီးပွားရေးဘဏ်ခွဲမှ လစဉ်ဘဏ်ရှင်းတမ်းနှင့် Credit Advice (မြီရှင်အကြောင်းကြားစာ)တို့ကို လုပ်ထုံးလုပ်နည်းနှင့်အညီ ပြန်လည်ထုတ်ပေးရမည်။

(ဂ) ပုဂ္ဂလိကဘဏ်များမှ ဦးစီးဌာန၏ အခွန်အခများအား မြန်မာ့စီးပွားရေးဘဏ်ရှိ ဦးစီးဌာန၏ ငွေထုတ်စာရင်း (Drawing Account) သို့ လွှဲပြောင်းရာတွင် ဦးစီးဌာနနှင့် မြန်မာ့စီးပွားရေးဘဏ်တို့ ကြိုတင်ညှိနှိုင်းသဘောတူထားပြီးဖြစ်သည့် Transaction တစ်ကြောင်းအတွက် လွှဲပြောင်းခ(Transaction Fee)အား Flat Pay (၂၀၀၀)ကျပ်နှုန်းဖြင့်သာ ကောက်ခံဆောင်ရွက်ပေးရမည်။

(ဃ) အထက်ပါလွှဲပြောင်းခ Flat Pay အတွက် Transaction သတ်မှတ်ရာတွင် ပုဂ္ဂလိကဘဏ်များမှ CBM-Net ဖြင့် လွှဲအပ်လိုက်သည့် အခွန်အခများသည် မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)မှတစ်ဆင့် သက်ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ်ခွဲရှိ ဦးစီးဌာန၏ ငွေထုတ်စာရင်း (Drawing Account)သို့ ရောက်ရှိခြင်းအဆင့်အထိကို One Transaction ဟု သတ်မှတ်ဆောင်ရွက်သွားရမည်။

## အခန်း(၆)
## အကောက်ခွန်ဦးစီးဌာနမှ ဆောင်ရွက်ရန်လုပ်ငန်းစဉ်

၇။ အောက်ဖော်ပြပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) ဦးစီးဌာနအနေဖြင့် ပုဂ္ဂလိကဘဏ်(ရုံးချုပ်)များတွင် "အကောက်ခွန်ဦးစီးဌာနအမည်" ဖြင့် Sundry Account များကို ဖွင့်လှစ်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ အခွန်အခများကို CBM-Net အသုံးပြု၍ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများသို့ လွှဲပြောင်းနိုင်ရန်အတွက် ဦးစီးဌာနမှ သက်ဆိုင်ရာပုဂ္ဂလိကဘဏ်များအား ခွင့်ပြုမိန့် (Debit Authority) နှင့် လွှဲပြောင်းပေးပို့လိုသော မြန်မာ့စီးပွားရေးဘဏ်ခွဲအမည်၊ ငွေစာရင်းအမှတ်များအား တိကျစွာ အချက်အလက်များပေးရမည်။

(ခ) စာရင်းပိုင်ရှင်မှာ အကောက်ခွန်ဦးစီးဌာနဖြစ်ပြီး ဦးစီးဌာန၏ ဘဏ္ဍာရေးနှင့်လုပ်ငန်းစစ်ဆေးရေးဌာနခွဲသည် ပုဂ္ဂလိကဘဏ်တစ်ခုချင်းစီ၏ နေ့စဉ် အခွန်အခ လက်ခံရရှိမှုအခြေအနေများ၊ နေ့စဉ် CBM-Net မှတစ်ဆင့် လွှဲပြောင်းသည့် အခြေအနေများ၊ လွှဲပြောင်းရန်ကျန်ရှိသည့် အခြေအနေများနှင့် ဦးစီးဌာန၏ ငွေထုတ်စာရင်း (Drawing

(ဂ) အလားတူ ဦးစီးဌာနသည် ပုဂ္ဂလိကဘဏ်(ရုံးချုပ်)မှ **"အကောက်ခွန် ဦးစီးဌာနအမည်"** ဖြင့် ဖွင့်လှစ်ထားသော Sundry Account အတွက် Daily, Weekly, Monthly, Yearly Transaction Report အနေဖြင့် စိစစ်တောင်းခံရမည်။ မြန်မာ့စီးပွားရေးဘဏ်မှ MACCS Online Payment System အတွက် ရရှိသော Credit Advice (မြီရှင်အကြောင်းကြားစာ)ပါ ငွေရပ်ကွဲလွဲမှုများ သို့မဟုတ် အခက်အခဲတစ်စုံတစ်ရာ တွေ့ရှိရပါက သက်ဆိုင်ရာ ပုဂ္ဂလိကဘဏ်များနှင့် အမြန်ဆုံး ညှိနှိုင်းဖြေရှင်းဆောင်ရွက်သွားရမည်။

(ဃ) ဦးစီးဌာနအနေဖြင့် Service Charges and Transaction Fee များနှင့် ပတ်သက်၍ ငွေကြေးတစ်စုံတစ်ရာကောက်ခံခြင်းမပြုဘဲ ဦးစီးဌာန၏ ကုန်ပစ္စည်းအလိုအလျောက်ရှင်းလင်းရေးနှင့် ထိန်းချုပ်ရေးဌာနခွဲမှ MACCS Online Payment System ၏ Administrator အဖြစ် တာဝန်ယူ၍ ပုဂ္ဂလိကဘဏ်များနှင့် System ပိုင်းဆိုင်ရာ လိုအပ်သော ညှိနှိုင်းပေါင်းစပ်မှုများကို တာဝန်ယူဆောင်ရွက်သွားရမည်။

(င) ဦးစီးဌာနအနေဖြင့် MACCS Online Payment System အား အသုံးပြုဆောင်ရွက်နိုင်ခြင်းမရှိပါက ဦးစီးဌာန၏ MACCS စနစ်ဖြင့် အခွန်ကောက်ခံလျက်ရှိသော Direct Payment ၊ Deposit Payment နည်းလမ်းတို့ဖြင့် အခွန်ကောက်ခံပေးသွင်းမှုဆိုင်ရာ လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားရမည်။

## အခန်း(၇)

## မလွန်ဆန်နိုင်သောဖြစ်ရပ်ပေါ်ပေါက်ပါက ဖြေရှင်းခြင်း

၈။ မလွန်ဆန်နိုင်သော ဖြစ်ရပ်များပေါ်ပေါက်ပါက လုပ်ငန်းဆောင်ရွက်မှုကို ထိခိုက်ဆုံးရှုံးစေလျှင် အဖွဲ့အစည်းများအကြား ညှိနှိုင်းအစည်းအဝေးများပြုလုပ်၍ ဖြေရှင်းဆောင်ရွက်ရမည်။ အရေးကြီးဆုံးအချက်မှာ မည်သည့်အခြေအနေတွင် ဖြစ်စေကာမူ နိုင်ငံတော်ဘဏ္ဍာငွေများ ပျက်စီးဆုံးရှုံးမှုမဖြစ်စေရေး ပုဂ္ဂလိကဘဏ်များမှ မပျက်မကွက် ဦးစားပေးအဖြစ် လိုက်နာ ဆောင်ရွက်ရမည်။